**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

**Website:** www.cnfhqr.org **Email:** cnf.headquarters@gmail.com

# (၃၄) နှစ်ပြည့် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကျေညာချက်

၂၀၂၂ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့

၁။ ယနေ့ ၂၀၂၂ ခုနှစ် မတ်လ (၂၀) ရက်နေ့သည် စစ်အာဏာရှင်စနစ်နှင့် အာဏာရှင်စနစ်မှန်သမျှကို အမြစ်ပြတ် ချေမှုန်း၍ လွတ်လပ်မှု၊ တန်းတူမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက် အပြည့်အဝ ရှိသည့် ချင်းပြည်ထောင် ပြန်လည်ထူထောင်ရေးနှင့် ဖက်ဒရေ ဒီမိုကရေစီ ပြည်ထောင်စု တည်ထောင်ရေးအတွက် ချင်းအမျိုးသားတပ်ဦးကို ဖွဲ့စည်းပြီး လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့သည့် (၃၄) နှစ်ပြည့် ချင်းတော်လှန်ရေးနေ့ပင်ဖြစ်သည်။ တော်လှန်ရေးကာလအတွင်း အသက်ပေးလှူသွားသည့်တော်လှန်ရေး ရဲဘော်ရဲမေများ၊ ချင်းအမျိုးသားပြည်သူများအားဦးညွှတ်ဂါရဝပြုပါသည်။

၂။ ချင်းအမျိုးသားတပ်ဦးသည် လူတန်းစားတရပ်၊ ဒေသနှင့် မျိုးနွယ်စု တစိတ်တပိုင်း၊ ဘာသာအယူဝါဒ တခုအတွက် တော်လှန်တိုက်ပွဲဝင်နေခြင်းမဟုတ်ပဲ ချင်းအမျိုးသားပြည်သူတရပ်လုံးနှင့် ပြည်ထောင်စုတိုင်းရင်းသားပြည်သူတရပ်လုံးအတွက် ညီနောင် မဟာမိတ်များ၊ ဒေသကာကွယ်ရေးတပ်ဖွဲ့များနှင့် အတူ တိုက်ပွဲဝင်နေသည်နှင့် အညီ ပြည်သူတရပ်လုံးပါဝင်သည့် ပြည်သူ့တော်လှန်ရေးလမ်းစဉ်ကို အခိုင်အမာကိုင်စွဲလျက် နိုင်ငံရေးရပ်တည်ချက်တူညီသော မည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် မဆို အဆုံးတိုင် တိုက်ပွဲဝင်သွားမည်ဖြစ်သည်။

၃။ အကြမ်းဖက်စစ်ကောင်စီမှ မတရား အာဏာရယူပြီး တနှစ်တာ အတွင်း တိုင်းပြည်သည် စစ်တလင်းပြင်ဖြစ်ခဲ့ပြီး လူထု၏ နေ့စဉ် လူမှုဘဝလုံခြုံရေးသည် ခိုကိုးဖက်တွယ်ရာမဲ့လျက် အဆိုးရွားဆုံး အခြေအနေတွင် ရောက်ရှိနေသည့်အပြင် တိုင်းပြည်၏ လူမှုစီးပွားရေးသည်လည်း ကုန်းကောက်စရာမရှိအောင် ပိုမိုဆိုးဝါးသော အနေအထားသို့ ဆိုက်ရောက်ကာ အဆုံးစွန် ဆိုးကျိုးဖြစ်သော ကျဆုံးနိုင်ငံ (Failed State) သို့ ဦးတည်နေသည်။

၄။ ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်သည် စစ်အာဏာရှင်တို့၏ အကြမ်းဖက်မှုကြောင့် ချင်းပြည်သူများဆုံးရှုံးနေသော လူမှုဘဝ ပြန်လည်ထူထောင်ရေးနှင့် ချင်းလဲန်းပြန်လည်ထူထောင်ရေးအတွက် ဒေသကာကွယ်ရေးတပ်ဖွဲ့များ၊ ညီနောင် မဟာမိတ်များနှင့် လက်တွဲကာ စစ်ရေး အရှိန်ကို ဟန်ချက်ညီညီ မြှင့်တင်ပြီး အကြမ်းဖက်စစ်ကောင်စီကို တိုက်ခိုက် ချေမှုန်းရန်နှင့် နိုင်ငံရေး ဦးတည်ချက်၊ ယုံကြည်ချက်နှင့် ခံယူချက် တူညီသော အစုအဖွဲ့များပါဝင်စေလျက် အမိချင်းလဲန်းကို ပြန်လည်တည်ဆောက်သွားမည်ဖြစ်ပြီး ထိုသို့ တည်ဆောက်ရာတွင် ဒေသအုပ်ချုပ်ရေး၊ လုံခြုံရေး နှင့် တရားဥပဒေ စိုးမိုးရေးတို့ကို တဆင့်ချင်း အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

၅။ အကြမ်းဖက် စစ်ကောင်စီ ဆန့်ကျင်ဖြုတ်ချရေးလှုပ်ရှားမှုတွင် ချင်းအမျိုးသားပြည်သူများ၏ အနစ်နာခံမှု၊ ပံ့ပိုးကူညီမှုနှင့် ပေးဆပ်မှုများအပေါ် ချင်းအမျိုးသားတပ်ဦးအနေဖြင့် အထူး ဂုဏ်ယူလေးစားပါသည်။ ချင်းပြည်သူများအနေဖြင့် တပ်ဦး၏ အမျိုးသားနိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်ရောက်ရှိသည်အထိ လက်တွဲတိုက်ပွဲဝင်ကြပါရန် နှင့် စစ်အာဏာသိမ်းမှုကြောင့် ဆုံးရှုံးနစ်နာခဲ့သော ချင်းလူမှုဘဝပြန်လည်ထူထောင်ရေး နှင့် အမိချင်းလဲန်း ပြန်လည်တည်ဆောက် ရေးအတွက် နိုင်ငံရေး၊ စစ်ရေး ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်အားသစ်လောင်း ၍ မိမိတို့ ကျွမ်းကျင်မှု အလိုက် ပါဝင်လက်တွဲကြပါရန်၊ တဆက်တည်းတွင် အကြမ်းဖက် စစ်ကောင်စီ နှင့် ပူးပေါင်းလုပ် ဆောင်မှုများ၊ စစ်ကောင်စီထံ အခွင့်အရေး တောင်းဆိုရယူမှုများကို အထူး ရှောင်ရှားကြပါရန် အလေးအနက် တိုက်တွန်း နှိုးဆော် အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

Chin National Front – General Headquarters, Chinland